**Global Storybooks**

globalstorybooks.net

# ဖွားဖွားရဲ့ ငှက်ပျောသီးများ


Ursula Nafula
Catherine Groenewald
Naw Thazin Hpway


This work is licensed under a Creative Commons Attribution 3.0 International License.
https://creativecommons.org/licenses/by/3.0

# ဖွားဖွားရဲ့ ငှက်ပျောသီးများ



Ursula Nafula
Catherine Groenewald
Naw Thazin Hpway

4

မြန်မာဘာသာ my



ဖွားဖွားရဲ့ ဥယာဉ်ဟာ ငရုတ်သီးစိမ်း၊ နံ့စားပခြောင်း၊ ပိလောပီနံ့တွေနဲ့ပြည့်နေပြီး အရမ်းကို အံ့သြဖို့ကောင်းပါတယ်။ ဒါပေမယ့် အဲ့ဒီထဲမှာတော့ ငှက်ပျောသီးတွေက အကောင်းဆုံးပါဘဲ။ ဖွားဖွားမှာ မြေးတွေများကြီးရှိပေမယ့် ကျွန်မကိုအချစ်ဆုံးဘဲ ဆိုတာ တိတ်တိတ်ကလေးသိပါတယ်။ သူ့အိမ်ကို လာလည်ဖို့အတွက် မကြာမကြာခေါ်ပါတယ်။ သူဟာကျွန်မကိုလည်း လျှို့ဝှက်ချက် အငယ်လေးတွေကိုလည်း ပြောပြတတ်ပါတယ်။ ဒါပေမယ့် သူမပြောပြတာတစ်ခုရှိပါတယ် သူ့ရဲ့ငှက်ပျောသီးတွေကိုမှည့်အောင် ဘယ်မှာထားထားသလဲဆိုတာကိုပါဘဲ။





အဲ့ဒီနေ့ညနေမှာ အဖွားဟာ အမေနဲ့အဖေကိုခေါ်ပြီး ဘာကပြောင့်ခေါ်သလဲဆိုတာ ကျွန်မသိပါတယ်။ အဲ့ဒီညမှာ ကျွန်မဟာ အိပ်ဖို့လဲလျောင်းတဲ့အခါ ကျွန်မဟာ အဖွားဆီကကော၊ မိဘတွေဆီကကော၊ တစ်စုံတစ်ဦးဆီကကော ဘယ်တော့မှ ခိုးယူလို့မရဘူးဆိုတာ သိလိုက်ရပါတယ်။



နောက်တစ်နေ့ကတော့ ဈေးနေ့ဖြစ်ပါတယ်။ ဖွားဖွားဟာ အစောကြီးထပါတယ်။ အဖွားဟာ သူ့ရဲ့ ငှက်ပျောသီးနဲ့ ပီလောပီနံ့တို့ကိုဈေးမှာသွားရောင်းပါတယ်။ အဲ့ဒီနေ့အဖွားဆီကျွန်မသွားမလည်ပါဘူး။ ဒါပေမယ့်သူ့ကို အကြာကြီးလည်းရှောင်မနေနိုင်ပါဘူး။





တစ်နေ့မှာတော့ ကျွန်မဟာ အဖွားရဲ့အိမ်ထဲကို မကြာခင်းကြီးတစ်ခင်း ထားထားတာကိုတွေ့လိုက်ပါတယ်။ ကျွန်မက ဒီခြင်းက ဘာအတွက်လဲလို့ မေးတိုင်း “ဒါဟာ မှော်ခြင်း” ဆိုတဲ့အဖြေသာရခဲ့ပါတယ်။ ခြင်းနားမှာတော့ ငှက်ပျောရွက်တွေကို တွေ့ပြီးအဖွားက တစ်ခါပြီးတစ်ခါ လှည့်နေတတ်ပါတယ်။ ကျွန်မအရမ်းကို စပ်စုချင်သွားပါတယ်။ ကျွန်မက “ငှက်ပျောရွက်တွေက ဘာအတွက်လဲ” လို့ မေးပါတယ်။ ကျွန်မရတဲ့ တစ်ခုတည်းသောအဖြေက “ဒါတွေဟာ မှော်ရွက်တွေဘဲဖြစ်တယ်” ဆိုတာပါဘဲ။



ဖွားဖွားရယ်၊ ငှက်ပျောသီးရယ်၊ ငှက်ပျောရွက်ရယ်နဲ့ မကြာခြင်းရယ်ဟာ အရမ်းကိုစိတ်ဝင်စားဖို့ကောင်းပါတယ်။ ဒါပေမယ့်အဖွားက အမေ့ကိုဘဲကူခိုင်းဖို့ လွှတ်လိုက်ပါတယ်။ “ဖွားဖွား၊ ဖွားဖွားပြင်ဆင်တာ ကြည့်ပါရစေ...“ဖွားဖွားက “ခေါင်းမမာနဲ့ကလေး ပြောတဲ့အတိုင်းလုပ်ပါ” လို့ဘဲ ပြောနေပါတယ်။ ကျွန်မ အပြေးလေးထွက်သွားပါတယ်။





နောက်တစ်နေ့မှာတော့ ဖွားဖွားဟာ ဥယျာဉ်ခြံထဲမှာဟင်းသီးဟင်းရွက်ခူးနေတဲ့အခါမှာ ကျွန်မဟာငှက်ပျောသီးတွေကိုဘဲ စိတ်ဝင်စားပြီးချောင်းကြည့်ပါတယ်။ အားလုံးနီးပါမှည့်ခါနီးပါဘဲ။ ကျွန်မဟာ ငှက်ပျောသီးလေးဖီးကို မနေနိုင်ဘဲယူလိုက်မိပါတယ်။ ကျွန်မဟာ တံခါးနားကနေပြီးတော့ ခြေဖျားထောက်ပြီးထွက်သွားတဲ့အချိန်မှာအဖွားရဲ့ချောင်းဟန့်သံကို အပြင်ကနေကြားလိုက်ပါတယ်။ ကျွန်မဟာ ငှက်ပျောသီးတွေကို ဂါဝန်ထဲထည့်ပြီးအဖွားနောက်ကနေ ဖြတ်သွားပါတယ်။



နောက်တစ်နေ့မှာ အဖွားဟာ အမေ့အိမ်ကိုလာလည်တဲ့အခါမှာ ကျွန်မဟာ သူ့အိမ်ကို ပြေးသွားပြီးတော့ ငှက်ပျောသီးတွေကို နောက်တစ်ကြိမ် သွားကြည့်ပါတယ်။ မှည့်ပြီးဖြစ်တဲ့ ငှက်ပျောသီးတွေအများကြီးတွေ့ပါတယ်။ ကျွန်မတစ်လုံးယူပြီးဂါဝန်အောက်ဖွက်ထားပါတယ်။ ခြင်းကိုပြန်ဖုံးပြီးတဲ့အချိန်မှာ အိမ်နောက်ဖေးကိုသွားပြီးခပ်မြန်မြန်စားလိုက်ပါတယ်။ ကျွန်မ စားဖူးသမျှငှက်ပျောသီးတွေထဲမှာ အရသာအရှိဆုံးပါဘဲ။





ကျွန်မပြန်လာတဲ့အခါ အဖွားဟာ အိမ်အပြင်ဘက်မှာ ခြင်းကော ငှက်ပျောသီးပါ မရှိတော့ဘဲ ထိုင်နေပါတယ်။ "ဖွားဖွား ခြင်းဘယ်ရောက်သွားပြီလဲ ၊ ငှက်ပျောသီးတွေ ဘယ်ရောက်သွားပြီလဲ ဘယ်မှာ..." 'ဒါပေမယ့် ကျွန်မရတဲ့တစ်ခုတဲ့ အဖြေက "မှာနေရာကိုရောက်ရှိသွားတာပါ" လို့ပြန်ဖြေပါတယ်။ အရမ်းစိတ်ပျက်ဖို့ကောင်းပါတယ်။



၂ရက်ကြာတဲ့အခါ ဖွားဖွားက သူ့ရဲ့အခန်းထဲမှာရှိတဲ့ တုတ်ကောက်ကို ကျွန်မအားသွားယူခိုင်းပါတယ်။ ကျွန်မတံခါးဖွင့်လိုက်တဲ့အခါ ငှက်ပျောသီးမှည့်အနံ့ကို ခပ်ပြင်းပြင်းက ကျွန်မကို ကြိုဆိုလိုက်ပါတယ်။ အခန်းအထဲမှာ အဖွားရဲ့ မှော်ခြင်းကို တွေ့လိုက်ပါတယ်။ အဲ့ဒါကို စောင်အဟောင်းတစ်ထည်နဲ့အုပ်ထားပါတယ်။ ကျွန်မဟာ မ,လိုက်ပြီး အရမ်းကောင်းတဲ့ အနံ့ခံကြည့်လိုက်ပါတယ်။





“သမီးဘာတွေလုပ်နေတာလဲ၊ တုတ်ကောက်မြန်မြန်ယူလာပေး” ဆိုတဲ့ခေါ်သံနဲ့ အဖွားရဲ့အသံက ကျွန်မကိုလန့်သွားစေပါတယ်။ ကျွန်မ တုတ်ကောက်ကိုမြန်မြန်ယူပြီးထွက်လာခဲ့ပါတယ်။ “ဘာတွေပုံးနေတာတုန်း” လို့အဖွားကမေးတယ်။ သူ့ရဲ့မေးခွန်းက ကျွန်မဟာသူ့ရဲ့ မှော်နေရာလေးကို ရှာဖွေတွေ့ရှိသွားလို့ ပုံးနေမိကြောင်းသတိထားမိသွားစေပါတယ်။